မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

September 7 , 2023 Volume 70, Number 5

၇.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၉.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၈.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၅၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၄၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၁၃ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၉၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဧရာဝတီတိုင်းဒေသကြီး ကုန်သည်/စက်မှုလက်မှုအသင်းနှင့် ထိုင်းနိုင်ငံ၊ Tak ခရိုင် ကုန်သည်/စက်မှုလက်မှုအသင်းတို့တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (ARCCI) မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ၊ Tak ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုအသင်းမှ ကိုယ်စားလှယ်များသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့ ညနေ (၀၃:၀၀) နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ Royal Ayar ကုမ္ပဏီ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဘက်မှ ARCCI အသင်းဥက္ကဋ္ဌ၊ မွန်ပြည်နယ် CCI အထွေထွေ အတွင်းရေးမှူး၊ ARCCI အသင်း၏ အထွေထွေအတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးတာဝန်ခံနှင့် ထိုင်းနိုင်ငံဘက်မှ Tak ခရိုင် ကုန်သွယ်ရေးရာရုံး ညွှန်ကြားရေးမှူး၊ စီမံကိန်းဌာန ညွှန်ကြားရေးမှူး၊ tak ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၏ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀)ဦး တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံပွဲတွင် ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကာ ထိုင်းနိုင်ငံဘက်မှ Tak ခရိုင် ကုန်သွယ်ရေးရာရုံး၏ ညွှန်ကြားရေးမှူး Ms. Parichart Pongpuntao မှလည်း (Virtual) စနစ်ဖြင့် တက်ရောက်ကာ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။ ထို့နောက် Tak ခရိုင် CCI အသင်းကိုယ်စားလှယ် Mr. Pongchai Tonarunchai နှင့် မွန်ပြည်နယ် CCI အထွေထွေ အတွင်းရေးမှူး ဦးနေဇော်အောင်တို့က LIMEC (The Laung Prabang – Indochina – Mawlamyine Economic Corridor) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပါသည်။ Corridor တစ်လျှောက်ဆက်စပ်လျက်ရှိသော ဒေသများအချင်းချင်း စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နယ်စည်း မခြားပူးပေါင်း ဆောင်ရွက်ရေး မဟာဗျူဟာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နှင့်အိန္ဒိယ နိုင်ငံများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ပြောကြားကာ Tak ခရိုင်အတွင်းရှိ ကုမ္ပဏီများမှထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများ၊ လူသုံးကုန်၊ စားသောက်ကုန်များကို မိတ်ဆက်ပြသကြပါသည်။ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ လုပ်ငန်းရှင်၊ ကုမ္ပဏီများထဲမှ ၎င်းထုတ်ကုန်များကို တင်သွင်းဖြန့်ဖြူးရန် စိတ်ဝင်စားသူများ၊ ၎င်းထုတ်ကုန်များအတွက် လိုအပ်သောကုန်ကြမ်းများကို ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချရန် စိတ်ဝင်စားသောသူများအား ဖိတ်ခေါ်ပါကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း နှစ်ဘက်လုပ်ငန်းရှင်များ အတွက် online virtual စနစ်ဖြင့် Business Matching ပြုလုပ်နိုင်ရန်စီစဉ်ထားကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

ARCCI အသင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က တိုင်းဒေသကြီး အတွင်းရှိ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို Business Matching တက်ရောက်နိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တိုင်းဒေသကြီး

ဦးစီးမှူးရုံးတာဝန်ခံက ဧရာဝတီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ ပဲပုပ်တင်ပို့ရောင်းချနိုင်ရန် အလားအလာတို့ကို ပြန်လည်ဆွေးနွေးကာ တွေ့ဆုံပွဲကို ညနေ (၀၅:၃၀) နာရီတွင် ရုတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

**Source: ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့်ပဲစင်းငုံနီ အဝယ်သွက်၍ ဈေးမြင့်တက်လာ

စက်တင်ဘာလ ပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ဈေးအေးသွားတဲ့ မတ်ပဲက ယခုတစ်ပတ်ဈေးမြင့်လာကြောင်း မတ်ပဲအသစ်များမပေါ်သေးပဲ လက်ကျန်နည်းကာ ဈေးကွက်ထဲအဝင်နည်းပေမဲ့ ပြည်ပအဝယ်သွက်နေသောကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**မတ်ပဲ** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၄၅၀၀၀ မှ ၂၄၇၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၃၀၀၀၀ မှ ၂၄၀၀၀၀၊ ယခင်လ ကျပ် ၁၇၀၀၀၀ မှ ၂၁၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၇၀၀၀ မှ ၁၅၀၀၀ ၊ ယခင်လထက်ကျပ် ၃၂၀၀၀ မှ ၇၅၀၀၀ မြင့်တက်လာသည်။

ပဲစင်းငုံဈေးကွက်မှာ အမြင့်ဈေးဖြင့် ငြိမ်နေခဲ့ရာမှ ယခုတစ်ပတ်တွင် ဈေးမြင့်တက်လာကြောင်း ပြည်တွင်းပဲလက်ကျန်နည်းခြင်း၊ အိန္ဒိယနိုင်ငံကို တင်သွင်းရမယ့် ပမာဏသတ်မှတ်ထားတာဖြစ်လို့ ပြည်ပတင်ပို့မည့် ဝယ်လက်အဝယ်သွက်လာသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ပဲစင်းငုံ(နီ)** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၈၅၀၀၀ မှ ၃၈၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၃၅၀၀၀ ၊ ယခင်လ ကျပ် ၃၀၅၀၀၀ မှ ၃၁၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ ၊ ယခင်လထက် ကျပ် ၇၅၀၀၀ မြင့်တက်လာသည်။

**ပဲစင်းငုံ(ဖြူ)** ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၂၅၀၀၀ မှ ၃၃၅၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၉၀၀၀၀ မှ ၃၀၀၀၀၀၊ ယခင်လ ကျပ် ၂၆၅၀၀၀ မှ ၂၇၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၃၅၀၀၀၊ ယခင်လထက် ကျပ် ၂၅၀၀၀ မှ ၃၅၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၈-၈-၂၀၂၃ မှ ၁-၉-၂၀၂၃ ) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီနှင့်ကြက်သွန်ဖြူဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၄၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၃၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၉၀၀ ၊ မုံရွာရှယ် ကျပ် ၃၅၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၃၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၃၃၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀ နှင့် မုံရွာရှယ် ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစား များ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၆ စီး (၅၇၆၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၅ စီး (၆၃၀၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၉ စီး (၅၄၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၉၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိပါသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၆၀၀ (၇၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူ အိတ် ၂၆၀၀ (၇၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၈-၈-၂၀၂၃ မှ ၁-၉-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၄၂၇၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၅၈၇၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၄၅၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၇၂၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၁၀၂၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၆၅၀၀၀၀ ဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၃၅ လုံး ( တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၀၀ လုံး ( တန်ချိန် ၂၄၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၆၅ လုံး ( တန်ချိန် ၁၅၆၀ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ရော်ဘ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရော်ဘ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲ့ရော်ဘ်(သစ်) AC ကျပ် ၁၂၀၀၀၊ မြွားနီ ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲ့ရော်ဘ်(သစ်) AC ကျပ် ၁၀၀၀၊ မြွားနီ ကျပ် ၁၀၀၀၊ အိမ်မဲ ကျပ် ၁၀၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်ရော်ဘ်သီးဈေးများငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ရော်ဘ်ရှည် အိတ်ပေါင်း ၂၂၀၀ (၄၄၀၀၀ ပိဿာ)နှင့် ရော်ဘ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရော်ဘ်ရှည် အိတ်ပေါင်း ၁၅၀၀ (၃၀၀၀၀ ပိဿာ)နှင့် ရော်ဘ်ပုအိတ်ပေါင်း ၅၅ ( ၈၂၅ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရော်ဘ်ရှည် အိတ်ပေါင်း ၇၀၀ ( ၁၄၀၀၀ ပိဿာ) နှင့် ရော်ဘ်ပု အိတ်ပေါင်း ၄၅ (၆၇၅ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၃၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၉၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၄၇၀၀၊ ကြံသကာ(စစ်)ကျပ် ၃၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၆၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒိုး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၀၀ နှင့် ကြံသကာ(စစ်) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး သကြား(ပြည်တွင်း) ကျပ် ၃၀ သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

TIR

## ဖျာပုံမြို့နယ်၌ အုန်းသီးဝယ်လိုအားကောင်းပြီး အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ အထိ ဈေးကောင်းရရှိလာ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၌ ဒေသထွက် အုန်းသီးများ ဝယ်လိုအားကောင်းပြီး အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ အထိ ဈေးကောင်းရရှိလာကြောင်း ဖျာပုံမြို့နယ် မှ အုန်းသီးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ်၌ ဇူလိုင်လအတွင်းက အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၄၆၀၀၀ သာဈေးရရှိခဲ့ပြီး ဩဂုတ်တတိယပတ်မှစ၍ လက်ရှိအချိန်ထိ အုန်းသီးအလုံး ရေ ၁၀၀ လျှင် ငွေကျပ် ၇၅၀၀၀ အထိ ဈေးကောင်းရရှိလာခြင်းဖြစ်သည်။

ဖျာပုံမြို့နယ်ထွက် အုန်းသီးများကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့မှုများလာခြင်းကြောင့် ယခုကဲ့သို့ ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။ "ဖျာပုံမြို့နယ်မှာ စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အုန်းစိုက်ပျိုးတဲ့ လုပ်ငန်းကိုလည်း ပူးတွဲလုပ်ကိုင်ကြပါတယ်။ ဩဂုတ်တတိယပတ်ကနေ အုန်းသီးဈေးတက်လာတာ လက်ရှိမှာ အုန်းသီးအလုံးရေ ၁၀၀ ကို ငွေကျပ် ၇၅၀၀၀ အထိ ဈေးကောင်းရရှိနေပါတယ်။ အုန်းသီးဝယ်လိုအား ကောင်းလာသလို ဈေးကောင်းလည်း ရရှိနေပါတယ်။ ဒေသထွက်အုန်းသီးတွေကို ရန်ကုန်မြို့ကိုပဲ အဓိကထားပြီး တင်ပို့ရောင်းချပါတယ်။ ရန်ကုန်မြို့ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့ ရောင်းချပါတယ်" ဟု ဒေါ်စုခိုင်ကပြောသည်။

ဖျာပုံမြို့နယ်မှထွက်ရှိသည့် အုန်းသီးများကို ရန်ကုန်မြို့သို့ ကုန်တင်ယာဉ်၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချကြောင်း၊ ထိုသို့ ဒေသထွက်အုန်းသီးများ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိလာခြင်းကြောင့် အုန်းစိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/45489

## မောင်တောမှတဆင့် ကြက်သွန်နီအပါ ပို့ကုန်အမယ် ၅ မျိုး ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ခွင့်တားမြစ်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှုအတွက် အဓိကအားထားရာ နယ်စပ်ကုန်သွယ်ရေးစခန်း ၂ ခုအနက် မောင်တောကနေ ပို့ကုန်အမယ် ၅ မျိုး တင်ပို့ခွင့်မပြုတော့ဘူးလို့ ကုန်သွယ်ရေးဦးစီးဌာနက အသိပေးထားပါတယ်။

တင်ပို့ခွင့်တားမြစ်ခံရတဲ့ ပို့ကုန်အမယ်တွေထဲမှာ လယ်ယာ/စိုက်ပျိုးထွက်ကုန်တွေဖြစ်တဲ့ ဆန်/ဆန်ကွဲ၊ ပဲမျိုးစုံ၊ နှမ်း/မြေပဲ/မြေပဲဆန်နဲ့ ကြက်သွန်နီတို့ပါဝင်ပြီး ရေထွက်ကုန်အမျိုးအစား ရေချို၊ ရေငံ ငါးမျိုးစုံလည်း ကန့်သတ်ခံထားရပါတယ်။ အဆိုပါ ပို့ကုန်အမယ်တွေကို စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်း (ရွှေမင်းဂံ) ဆိပ်ကမ်းတစ်ခုတည်းကပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံထံ တင်ပို့ခွင့်ပြုသွားမယ်လို့ ကုန်သွယ်ရေးဦးစီးဌာနက ပြောပါတယ်။

ကုန်သွယ်မှုလုပ်ငန်းတွေ စနစ်တကျဆောင်ရွက်နိုင်စေဖို့၊ တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်လုပ်ဆောင်တာဖြစ်ပြီး သတ်မှတ်ချက်ကို စက်တင်ဘာလ ၄ ရက်နေ့မှာ စတင်မယ်လို့ဆိုပါတယ်။

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းကို စစ်တွေ-အငူမော်-မောင်တောလမ်းကြောင်းကနေ ကုန်ပစ္စည်းတွေ အဓိကဝင်ရောက်နေပြီး ကညင်ချောင်းစီးပွားရေးဇုန်ကတဆင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့နေတာပါ။

ယခုဘဏ္ဍာနှစ် ဇူလိုင်အထိ ၄ လအတွင်း နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃.၅၇ သန်းပမာဏရှိခဲ့ပြီး မြန်မာဘက်ကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆီ ကန်ဒေါ်လာ ၃ ဒသမ ၃၅ သန်းတန်ဖိုးရှိတဲ့ ပို့ကုန်တွေတင်ပို့ထားပါတယ်။

**Source: BETV Business**

## ဆန်ချောတင်ပို့မှု လိုင်စင်သာယာယီကန့်သတ်ထားပြီး ဆန်ကြမ်းလျှာထားချက်ပြည့် ပြည်ပတင်ပို့မှာဖြစ်




ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းထွက်ဆန် ပြည်ပတင်ပို့မှု လျာထားချက်ဖြစ်တဲ့ တန်ချိန် ၂ ဒသမ ၅ သန်းခန့်ကို ပြည့်မီအောင် တင်ပို့သွားမှာဖြစ်ပြီး ဆန်ချော ပြည်ပတင်ပို့မှုအတွက်တော့ လိုင်စင်သစ်ထုတ်ပေးမှုကို စက်တင်ဘာ ၁ ရက်ကစပြီး ၄၅ ရက်ယာယီကန့်သတ်ထားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရပါတယ်။

"မြန်မာနိုင်ငံအနေနဲ့က ဆန်ချောဖြစ်တဲ့ ရွှေဘိုပေါ်ဆန်းတို့၊ ကြားပျံ၊ ရောပေါ်ဆန်းအစရှိသဖြင့် စားသုံးကြတာများပါတယ်။ ကျွန်တော်တို့ ပြည်ပတင်ပို့တယ်ဆိုတာက ညှော်မထလို ဆန်ကြမ်းမျိုးကိုပဲ တင်ပို့တာပါ။ နှစ်စဉ် ဆန်ကြမ်းနဲ့ဆန်ကွဲ တင်ပို့မှုကတော့ လျော့ကျသွားမှာမဟုတ်ပါဘူး။ လိုင်စင် ကန့်သတ်ထားတယ်ဆိုတာကလည်း ဆန်ချောပြည်ပတင်ပို့မှု လိုင်စင်သစ်လျှောက်ထားတာကိုပါ"လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က MFN ရဲ့ သီးသန့်ဆက်သွယ်မေးမြန်းတာကို ဖြေကြားပါတယ်။

ဒ့ါအပြင် ဆန်ချော ပြည်ပတင်ပို့ဖို့ လိုင်စင်သစ် ထုတ်ပေးမှု ၄၅ ရက် ယာယီကန့်သတ်တာဟာ ကုန်ခဲ့တဲ့ ဩဂုတ်လအတွင်းမှာ ဆုံးဖြတ်ချက်ချခဲ့တာဖြစ်ပြီး ပြည်တွင်းဆန်ချောဈေးကွက် မြင့်တက်နေမှုကို ထိန်းချုပ်လိုတဲ့ သဘောမျိုးလို့လည်း ဆန်ကုန်သည်လုပ်ငန်းရှင်တစ်ဦးမှ မှတ်ချက်ပြုထားပါတယ်။ ဒ့ါအပြင် ပြည်ပတင်ပို့မှု နှစ်စဉ် တန်ချိန် ၂ သန်းခန့်ရှိပြီး ပြည်ပတင်ပို့မှုနဲ့ ပြည်တွင်းလက်ကျန်ဟာ နှစ်စဉ် တန်ချိန် ၂ သန်း၊ ၃ သန်းခန့်ရှိတယ်လို့ သိရပါတယ်။

ယခုဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့မှုလျာထားပေမယ့် ယခုဘဏ္ဍာနှစ်စ ပထမသုံးလပတ်အတွင်း ဆန်တင်ပို့မှု ၁၀ ရာခိုင်နှုန်းကျော်သာရှိသေးတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဇူလိုင်လပိုင်းမှာ ထုတ်ပြန်ခဲ့ပါတယ်။ ပြည်တွင်း ဆန်ချောဈေးကွက် မြင့်တက်နေမှုမှာ ဆန်အထွက်နှုန်းကျဆင်းတာတွေမရှိဘဲ ကောလာဟလ ဖြန့်ဝေဈေးကစားကာ ဈေးဆွဲတင်နေမှုတွေကြောင့်ဖြစ်တယ်လို့လည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မှတ်ချက်ပြုထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တစ်နှစ်ကို နွေစပါးဧက ၂ သန်း၊ မိုးစပါးဧက ၁၅ သန်း၊ စုစုပေါင်း ၁၇ သန်း နှစ်စဉ်စိုက်ပျိုးပြီး ဆန်တန်ချိန် ၁၃ သန်း၊ ၁၄ သန်းခန့် ထုတ်လုပ်နေသလို တန်ဖိုးအားဖြင့် ကျပ် ဘီလီယံပေါင်း ၁၄,၀၀၀ ၊ ၁၅,၀၀၀ တန်ဖိုးခန့်ရှိနေကာ ယင်းထွက်ရှိတဲ့ ဆန်တန်ချိန် ၁၀ သန်းခန့်ကိုပြည်တွင်းမှာ စားသုံးနေတာဖြစ်ပါတယ်။

MFN မှကူးယူဖော်ပြပါသည်။

Source: https://t.me/htwettoe

## (၆၈) ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင်ကျင်းပ

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (Department of International Trade Promotion (DITP)) မှ ကြီးမှူး၍ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ the Queen Sirikit National Convention Center (QSNCC) တွင် ၆၈ ကြိမ်မြောက် ဗန်ကောက် လက်ဝတ်ရတနာပြပွဲ (၂၀၂၃) ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ကုန်စည်ပြပွဲဖွင့်ပွဲ ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြား၍ ပြပွဲကိုဖွင့်လှစ်ပေးခဲ့ပါသည်။ ထိုင်းနိုင်ငံ အခြေစိုက်သံရုံးအချို့မှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု မြှင့်တင်ရေး ဦးစီးဌာန (DITP) မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ စက်တင်ဘာလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်များ (Trade Missions) ကို ဝင်ရောက်ခွင့်ပြုပြီး ဩဂုတ်လ ၉ ရက်နေ့နှင့် ၁၀ ရက်နေ့များတွင် အများပြည်သူများအား လာရောက်ကြည့်ရှုရန် ခွင့်ပြုထားကြောင်းသိရသည်။

မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျောက်မျက်ကုမ္ပဏီ (၅) ခုမှ ပါဝင်ပြသလျက်ရှိပါသည်။

ကုန်စည်ပြပွဲတွင် နိုင်ငံတကာရှိကုမ္ပဏီများမှ ကျောက်မျက်ရတနာအမျိုးမျိုးနှင့် လက်ဝတ်ရတနာများအပြင် ကျောက်မျက်ရတနာစစ်ဆေးသည့် စက်ပစ္စည်းများနှင့် အရည်အသွေးစစ်ဆေးနိုင်သည့်စက်များ ပါဝင်ပြသလျက်ရှိပါသည်။

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**Source:** https://myantrade.gov.mm/article/Naypyitawstp_060920230131

## ထိုင်းနိုင်ငံမှ စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်၍ ပိုမိုတင်ပို့နိုင်

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂ ရက်မှ စတင်ဘာလ ၄ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄၂ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၇၁ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၁၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ပြောင်း၊ ငရုတ်၊ ဂေါ်ဖီ၊ နှမ်း၊ ကြက်သွန်နီ၊ ကွမ်းရွက်၊ ကွမ်းသီးခြောက်နှင့် ရေထွက်ပစ္စည်းများဖြစ်သည့် ခုံး၊ ကဏန်း၊ ငါးမြွေထိုး၊ ငါးခွေလျှာ၊ ငါးပါးလျှပ်နှင့် ငါးကြင်းဆီဖောင်းတို့ကို တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် တိရစ္ဆာန်အစာ၊ စက်ဘီး၊ စက်ဘီးအပိုပစ္စည်း၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆိုင်ကယ်အပိုပစ္စည်း၊ စက်ဆီ/ချောဆီ၊ အိမ်သုတ်ဆေး၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ အထည်ချုပ်လုပ်ငန်း၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့် စက်ပစ္စည်းကိရိယာများ၊ ဓာတ်မြေသြဇာနှင့် ငါးဖမ်းပစ္စည်းတို့ကို တင်သွင်းနိုင်ခဲ့သည်။

ယခုအခါ ထိုင်းနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းများ တွင်ကျယ်စွာဆောင်ရွက်လာမှုနှင့်အတူ အသုံးပြုရန် လိုအပ်ချက်ကြောင့် စားသောက်ကုန်ပစ္စည်း ကုန်ကြမ်းဝယ်လိုအားမြင့်တက်နေ၍ လတ်တလောကာလများတွင် ပိုမိုတင်ပို့နိုင်ခဲ့သည်။ ပုပ်သိုးပျက်စီးလွယ်သည့် ရေထွက်ကုန်ပစ္စည်းများနှင့် ကုန်စိမ်းပို့ကုန်များဖြစ်သည့် ကြက်သွန်နီနှင့်ငရုတ်များကို လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် လိုင်စင်ထုတ်ပေးခြင်း၊ ကုန်ပစ္စည်း စစ်ဆေးမှုများတွင်ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။

ငွေဈေးနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၁၀၃ ဒသမ ဂ၉ ကျပ်ဖြစ်သဖြင့် အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ပြည်ပဈေးကွက်၌ ပျားရည်တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀၀ ထိ ဈေးကောင်းရနေသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လာ



ပြည်ပဈေးကွက်၌ မြန်မာ့ပျားရည်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ ထိ ဈေးကောင်းရနေသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောပြ၍သိရသည်။

ထိုသို့ မြန်မာ့ပျားရည် ပြည်ပဈေးကွက်၌ ဈေးကောင်းရရှိနေသည့်အတွက် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာပြီး ယခင်ဘဏ္ဍာနှစ်က ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်း ၈၂၀ ကျော်ရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း ၁၃၀ ကျော်တိုးချဲ့လုပ်ကိုင်လာသဖြင့် ယခုဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်း ၉၅၀ ကျော်ရှိလာကြောင်း သိရသည်။

"လက်ရှိမှာ ဌာနအနေနဲ့ နိုင်ငံတစ်ဝန်း မြို့နယ် ၃၁ မြို့နယ်မှာ ဌာနပိုင်ပျားမွေးမြူရေးစခန်း ၃၁ ခုကို ဖွင့်လှစ်ထားရှိပြီး ပျားမွေးမြူရေးလုပ်ငန်းတွေကို လုပ်ကိုင်နေသလို ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ကိုလည်း နည်းပညာတွေနဲ့ ပျားဘုရင်မ မျိုးကောင်းမျိုးသန့်တွေကို ပံ့ပိုးကူညီပေးနေတဲ့အတွက်ကြောင့် ပျားမွေးမြူရေးလုပ်ငန်းကို မှတ်ပုံတင်လုပ်ကိုင်သူများပြားလာတာဖြစ်ပါတယ်"ဟု ဦးမျိုးတင့်ကပြောပြသည်။

မြန်မာ့ပျားရည်သည် ပြည်ပဈေးကွက်၌ အရည်အသွေးကောင်းမွန်မှုကြောင့် အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ကနေဒါနိုင်ငံနှင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် ဈေးကွက်နေရာများရရှိထားပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်တွင်လည်း ပျားရည်တစ်တန်လျှင် အမျိုးအစားအလိုက် အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ ထိ ဈေးရရှိနေပြီး တစ်နှစ်လျှင် ပြည်ပသို့ ပျားရည်တန်ချိန် ၃၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြစ်သားမြို့နယ်၏ ဝါဈေးနှုန်းဈေးကွက် အခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင်ဝါသီးနှံများကို လွန်ကျော်၊ ပေတော၊ ဒါးဝယ်အင်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးလျှက်ရှိရာ အိန္ဒိယမျိုးနှင့်စိန်ကမ္ဘာမျိုးများကို အဓိကစိုက်ပျိုးကြပြီး၊ ယခင်နှစ်ကထက်ဈေးပိုရကြောင်းသိရသည်။ တစ်ဧကကုန်ကျစရိတ်မှာကျပ်တစ်ဆယ်သိန်းမှ တစ်ဆယ့်နှစ်သိန်းခန့်ထိကုန်ကျပြီး၊ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၃၀၀)ပိဿာမှ(၃၅၀)ပိဿာ ထွက်ရှိကြောင်း၊ အထွက်နှုန်းကတော့ မြေအနေအထားပေါ်မူတည်၍ ကွာခြားမှုရှိကြောင်း ထွက်ရှိလာသောဝါများကို မြစ်သား၊ ကူမဲရှိပွဲရုံများနှင့် မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မြစ်သားမြို့နယ်၊ ပေတောရွာမှ ဝါစိုက်တောင်သူ ဦးဇော်ဝင်းထွန်းက ပြောပါတယ်။

ဝါဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၃၀၀၀ မှ ၃၂၀၀ ပေါက်ဈေးရှိပြီး၊ ယခင်လ ဝါပေါ်စက ကျပ် ၃၆၀၀ မှ ၃၈၀၀၊ ယခင်နှစ်က ကျပ်၂၆၀၀ မှ ၂၇၀၀ ဈေးရရှိကြောင်း၊ ယခင်လထက် ကျပ် ၆၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၄၀၀ မှ ၅၀၀ မြင့်တက်လာကြောင်းသိရသည်။ ဝါသီးနှံသည် အခြားသီးနှံများနှင့်နှိုင်းယှဉ်ပါက တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိပြီး ဝင်ငွေကောင်းတဲ့ သီးနှံဖြစ်တဲ့အတွက် တိုးချဲ့စိုက်ပျိုးသင့်သော်လည်း သွင်းအားစု ဈေးမြင့်တက်လာခြင်းကြောင့် အကျိုးအမြတ်ရရှိမှု နည်းနေသေးကြောင်း ပေတောကျေးရွာ ဝါစိုက်တောင်သူများ၏ ပြောပြချက်အရ သိရပါသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (7.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,884 (Shares) | 17,399,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -200 | -2.17% | 9,000 | 9,000 | 9,000 | 553 | 4,977,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 1,528 | 4,738,150 | 38,929,150 | 122,627 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 260 | 2,054,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 80 | 136,000 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 200 | 480,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,250 | -50 | -2.17% | 2,250 | 2,250 | 2,200 | 969 | 2,144,800 | 19,977,223 | 44,949 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 180 | 864,500 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 1,114 | 2,005,200 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary


As of 7th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 383.43 | -3.64 | -0.94% | 382.40 | 383.43 | 382.40 | 4,884 | 17,399,650 | 8 | 723,224 |

**Index chart**





YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myar Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 7th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 4,884 (Shares) | 17,399,650 (MMK) |

## Main Board

As of 1:00 pm, 7th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,884 (Shares) | 17,399,650 (MMK) |

| MYANPIX | 383.43 ▼ 3.64 |
|---|---|
| Total Volume (shares) | 4,884 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 723,224 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 200 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,250 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▼ 50 |

TIR